THE REPUBLIC OF THE UNION OF MYANMAR

THE SUPREME COURT Of THE UNION

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## AML/CFT အမျိုးသားအဆင့် မဟာဗျူဟာဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၅ ခုနှစ်)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ AML/CFT အမျိုးသားအဆင့် မဟာဗျူဟာဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၅ ခုနှစ်)

၁။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဖြစ်ရပ်များသည် အပြန်အလှန် ဆက်စပ်လျက်ရှိပြီး ကမ္ဘာနှင့်အဝှမ်းတွင် ပြည်သူ့ဘဝလုံခြုံရေးနှင့် နိုင်ငံ့စီးပွားရေးတို့ကို ခြိမ်းခြောက်မှုများ ဖြစ်ပေါ်စေပါသည်။ လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့်မှစ၍ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများသည် ငွေရေးကြေးရေး ကဏ္ဍများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကမ္ဘာတစ်ဝှမ်းတွင် ကျယ်ပြန့်လာခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများရှိ ငွေရေးကြေးရေးစနစ် ဖွံ့ဖြိုးတိုးတက်ဆဲ အခြေအနေကို အခွင့်ကောင်းယူ၍ အသုံးပြုရန် ကြိုးပမ်းလျက်ရှိကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်သူ့ဘဝလုံခြုံမှုရှိစေရန်၊ နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအား အဟန့်အတား မဖြစ်စေရန်အတွက် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြားသေကျေစေသော လက်နက်များ ပြန့်ပွားရေးအပေါ် ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးတို့ကို အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သောကြောင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆိုင်ရာအမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈)ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းအမျိုးသားအဆင့်မဟာဗျူဟာနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကောင်အထည် ဖော်ဆောင်ရွက်ရန် နှစ်အလိုက် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းဖြစ်ပါသည်။

### အမျိုးသားအဆင့် မဟာဗျူဟာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာနယ်ပယ်များ

၂။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ၏ ရည်မှန်းချက်များ ပြည့်မီစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအတိုင်း မဟာဗျူဟာနယ်ပယ်(၅)ရပ်ဖြင့် ဆောင်ရွက်ရန် ရေးဆွဲထားခြင်း ဖြစ်ပါသည်။

(က) **မဟာဗျူဟာနယ်ပယ်(၁)။** ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာမူဝါဒများ၊ ညွှန်ကြားချက်များနှင့် ဥပဒေမူဘောင်များကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ပိုမိုတိုးတက်ခိုင်မာစေရေး၊

(ခ) **မဟာဗျူဟာနယ်ပယ်(၂)။** ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး၊

(ဂ) **မဟာဗျူဟာနယ်ပယ်(၃)။** ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေး၊

(ဃ) **မဟာဗျူဟာနယ်ပယ်(၄)။** တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများနှင့် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်း လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရေး၊

(င) **မဟာဗျူဟာနယ်ပယ်(၅)။** ပြည်တွင်း၊ ပြည်ပ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေး။

**သက်ဆိုင်သည့် မဟာဗျူဟာနယ်ပယ်များ**

၃။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် AML/CFT ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအစီအစဉ်များတွင် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) တာဝန်ခံဌာနအဖြစ်ဆောင်ရွက်သည့် မဟာဗျူဟာအစီအစဉ်များ- ၁.၅.၉၊ ၂.၆.၁၊ ၂.၆.၂၊ ၂.၆.၃၊ ၂.၆.၄၊ ၃.၁.၁၊ ၃.၁.၂ ၊ ၃.၂.၁၊ ၃.၂.၂၊ ၃.၂.၃၊ ၃.၂.၄၊ ၃.၂.၅ ၊၃.၃.၂၊ ၃.၅.၁၊ ၃.၅.၂၊ ၃.၅.၃၊ ၃.၅.၄၊ ၃.၅.၅ ၊ ၄.၂.၄၊ ၄.၅.၁၊ ၄.၅.၁၂

(ခ) ပူးပေါင်းဌာနအဖြစ်ပါဝင်မည့် မဟာဗျူဟာအစီအစဉ်များ- ၁.၁.၁၊ ၁.၁.၂ ၊ ၁.၂.၁၊ ၁.၂.၂၊ ၁.၂.၆၊ ၁.၂.၇၊ ၁.၂.၈၊ ၁.၂.၉ ၊ ၁.၃.၁၊ ၁.၃.၂၊ ၁.၃.၃၊ ၂.၂.၃ ၊၂.၅.၂၊ ၃.၁.၃၊ ၃.၃.၁၊ ၃.၃.၃၊ ၃.၃.၄၊ ၃.၄.၁၊ ၃.၄.၂

၄။ မဟာဗျူဟာနယ်ပယ်ပါ လုပ်ငန်းများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီမံရေးရာဌာန၊ ပြစ်မှုတရားစီရင်ရေးဌာန၊ ဥပဒေလုပ်ထုံးလုပ်နည်းဌာန၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနတို့က မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအသီးသီးမှဆောင်ရွက်ကြမည်ဖြစ်ရာ နှစ်အလိုက်လုပ်ငန်းအစီအစဉ် ရေးဆွဲခြင်းအားဖြင့် တာဝန်ရှိသူများအားလုံး၏ ပူးပေါင်းမှုနှင့် ပံ့ပိုးမှုများသည် အထောက်အကူများစွာ ဖြစ်စေနိုင်ပါသည်။ ၂၀၂၅ ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ချမှတ်ထားသည့် မဟာဗျူဟာလုပ်ငန်းအစီအစဉ်များ အောင်မြင်ရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သက်ဆိုင်ရာဌာနများက တာဝန်ရှိသူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ AML/CFT အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) ကို အကောင်အထည်ဖော်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ နှစ်စဉ်လုပ်ငန်းအစီအစဉ်တွင် ထည့်သွင်း၍ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ AML/CFT အမျိုးသားအဆင့် မဟာဗျူဟာ အကောင်အထည်ဖော်မှုကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ အစီရင်ခံတင်ပြနိုင်ရန်အတွက် ဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မှုအစီရင်ခံစာကို (၂) လ တစ်ကြိမ် လစဉ်(၃)ရက်နေ့ မတိုင်မီ (Hard Copy , Soft Copy) ဖြင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးပို့ရန်ဖြစ်ပါသည်။

**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) အကောင်အထည်ဖော်ရန်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ လုပ်ငန်းအစီအစဉ် (၂၀၂၅ ခုနှစ်)

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| **ရည်မှန်းချက်** | **အစီအစဉ်** | **ဆောင်ရွက်မည့်လုပ်ငန်းများ** | **အချိန်သတ်မှတ်ချက်** | **တာဝန်ရှိသူများ** | **ရလဒ်အတိုင်းအတာများ** |
| **မဟာဗျူဟာရည်မှန်းချက် ၁.၁** ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ နှင့် နည်းဥပဒေများကို နိုင်ငံတကာ စံချိန်စံညွှန်း နှင့်အညီ ပြင်ဆင်ရန်။ | **၁.၁.၁** ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေကို ငွေကြေးဆိုင်ရာ အရေး ယူဆောင်ရွက်ရေးအဖွဲ့ (FATF)၏ အကြံပြုချက်များ၊ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း အပြန် အလှန်အကဲ ဖြတ်ချက် အစီရင်ခံ စာ (MER)၊ အမျိုးသားအဆင့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာ(NRA)များနှင့်အညီ သုံးသပ်ပြင်ဆင်ခြင်း။ | • ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပြင်ဆင်ရာတွင် အကြံပြုတင်ပြ ခြင်း၊ မူဝါဒခံယူခြင်း တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း | ၂၀၂၇ ခုနှစ် | **တာဝန်ခံဌာန** (AMLCB+ MFIU) **ပူးပေါင်းမည့်ဌာန** (LPDP) | ဥပဒေထုတ်ပြန်နိုင်မှု |
| | **၁.၁.၂** ငွေကြေးခဝါချမှု တိုက်ဖျက်ရေး နည်းဥပဒေများကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ သုံးသပ်ပြင်ဆင်ခြင်း။ | • ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများ ပြင်ဆင်ရာတွင် အကြံပြုတင်ပြခြင်း၊ မူဝါဒခံယူခြင်းတို့ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း | ၂၀၂၈ ခုနှစ် | **တာဝန်ခံဌာန** (AMLCB+ MFIU) **ပူးပေါင်းမည့်ဌာန** (LPDP) | နည်းဥပဒေထုတ်ပြန်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| **ရည်မှန်းချက်** | **အစီအစဉ်** | **ဆောင်ရွက်မည့်လုပ်ငန်းများ** | **အချိန်သတ်မှတ်ချက်** | **တာဝန်ရှိသူများ** | **ရလဒ်အတိုင်းအတာများ** |
| **မဟာဗျူဟာရည်မှန်းချက် ၁.၂** ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းများ၊ ပြစ်မှုကျူးလွန်ရာမှ ရရှိ သော ငွေကြေးနှင့်ပစ္စည်းများသိမ်းဆည်းခြင်းအား ပိုမိုထိရောက်စေ ရန်အတွက် တရားဥပဒေ စိုးမိုးရေး အဖွဲ့အစည်းများ၏ ဥပဒေ မူဘောင်များ တိုးတက်ခိုင်မာ စေရန်။ | ၁.၂.၁ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကုလသမဂ္ဂ ကွန်ဗင်းရှင်း (UNCAC) အကောင် အထည်ဖော်ဆောင်မှု ပြန်လည်သုံးသပ်ရေး လုပ်ငန်းစဉ်မှ အကြံပြုချက်များနှင့် အညီ ပြင်ဆင်ခြင်း။ | • အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပြင်ဆင်ရာတွင် အကြံပြု တင်ပြခြင်း၊ မူဝါဒခံယူခြင်းတို့ဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း။ | ၂၀၂၆ ခုနှစ် | **တာဝန်ခံဌာန** (ACC) **ပူးပေါင်းမည့်ဌာန** (LPDP) | ဥပဒေပြင်ဆင်နိုင်မှု |
| | ၁.၂.၂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေကို ပြင်ဆင်သည့် ဥပဒေ နှင့်အညီ ရေးဆွဲပြဋ္ဌာန်းခြင်း။ | • အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေ ပြင်ဆင်ရာတွင် အကြံပြု တင်ပြခြင်း၊ မူဝါဒ ခံယူခြင်း တို့ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။ | ၂၀၂၈ ခုနှစ် | **တာဝန်ခံဌာန** (ACC) **ပူးပေါင်းမည့်ဌာန** (LPDP) | နည်းဥပဒေပြင်ဆင်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | ၁.၂.၆ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တရားမဝင် သယ်ဆောင် ရောင်းဝယ်ခြင်း တိုက်ဖျက်ရေးကုလသမဂ္ဂ ကွန်ဗင်းရှင်း နှင့် ညီညွတ်မှုရှိစေရန် ပြန်လည် သုံးသပ်ခြင်း ။ | • မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေ ပြင်ဆင်ရာတွင် အကြံပြုတင်ပြခြင်း၊ မူဝါဒခံယူခြင်း တို့ဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်း။ | ၂၀၂၆ ခုနှစ် | **တာဝန်ခံဌာန** (CCDAC+ DED) **ပူးပေါင်းမည့်ဌာန** (LPDP) | ဥပဒေပြန်လည်သုံးသပ်နိုင်မှု |
| | ၁.၂.၇ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်း လဲစေသော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင် ရေးဆွဲခြင်း။ | • မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ နည်းဥပဒေများ ပြင်ဆင် ရာတွင် အကြံပြုတင်ပြခြင်း၊ မူဝါဒ ခံယူခြင်း တို့ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။ | ၂၀၂၇ ခုနှစ် | **တာဝန်ခံဌာန** (CCDAC+ DED) **ပူးပေါင်းမည့်ဌာန** (LPDP) | နည်းဥပဒေ ပြန်လည် သုံးသပ်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | **၁.၂.၈** ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ သက်သေခံပစ္စည်း စီမံထိန်းသိမ်းရေး နှင့် စီမံခန့်ခွဲရေး ဥပဒေရေးဆွဲ ပြဋ္ဌာန်းခြင်း။ | • သက်သေခံပစ္စည်း စီမံထိန်းသိမ်းရေး နှင့် စီမံခန့်ခွဲရေးဥပဒေ ရေးဆွဲရာတွင် အကြံပြု တင်ပြခြင်း၊ မူဝါဒခံယူခြင်းတို့ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။ | ၂၀၂၄ ခုနှစ် | **တာဝန်ခံဌာန** (MOHA) **ပူးပေါင်းမည့်ဌာန** (LPDP) | ၂၈.၁၂.၂၀၂၄ တွင် ထုတ်ပြန်ပြီး |
| | **၁.၂.၉** ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှု ကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ သက်သေခံ ပစ္စည်း စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ဆိုင်ရာ နည်းဥပဒေများကို ပြဋ္ဌာန်းသည့် သက်သေခံ ပစ္စည်း စီမံထိန်းသိမ်း ရေးနှင့် စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ ရေးဆွဲထုတ်ပြန်ခြင်း။ | • သက်သေခံပစ္စည်း စီမံထိန်းသိမ်းရေး နှင့် စီမံခန့်ခွဲရေးနည်းဥပဒေများ ရေးဆွဲရာတွင် အကြံပြုတင်ပြခြင်း၊ မူဝါဒခံယူခြင်း တို့ဖြင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း။ | ၂၀၂၅ ခုနှစ် | **တာဝန်ခံဌာန** (MOHA) **ပူးပေါင်းမည့်ဌာန** (LPDP) | နည်းဥပဒေ ထုတ်ပြန်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| **မဟာဗျူဟာရည်မှန်းချက် ၁.၃** အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေး ဆိုင်ရာ ဥပဒေမူဘောင်များ တိုးတက် ခိုင်မာစေရန်။ | **၁.၃.၁** ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေကို ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း။ | • ငွေကြေးခဝါချမှု တိုက် ဖျက်ရေး ဥပဒေကို ပြန်လည် သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း ပြုရာတွင်အကြံပြုတင်ပြခြင်း၊ မူဝါဒ ခံယူခြင်းတို့ဖြင့် ပူးပေါင်း ပါဝင် ဆောင်ရွက်ခြင်း။ | ၂၀၂၄ ခုနှစ် | **တာဝန်ခံဌာန** (CCCT+DTC) **ပူးပေါင်းမည့်ဌာန** (LPDP) | ဥပဒေပြန်လည်သုံးသပ် ပြင်ဆင်နိုင်မှု |
| | **၁.၃.၂** အကြမ်းဖက်မှုတိုက်ဖျက်ရေး နည်းဥပဒေများကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းခြင်း။ | • အကြမ်းဖက်မှုတိုက်ဖျက်ရေး နည်းဥပဒေများကို ပြင်ဆင် ရေးဆွဲရာတွင် အကြံပြု တင်ပြခြင်း၊မူဝါဒခံယူခြင်း တို့ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။ | ၂၀၂၅ ခုနှစ် | **တာဝန်ခံဌာန** (CCCT+DTC) **ပူးပေါင်းမည့်ဌာန** (LPDP) | နည်းဥပဒေပြဋ္ဌာန်းနိုင်မှု |
| | **၁.၃.၃** အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေများတွင် အသင်းအဖွဲ့များအနေဖြင့် ငွေကြေး ခဝါချမှုနှင့် အကြမ်းဖက်မှုများ အတွက် ငွေကြေးစီးဆင်းခြင်း၊ ငွေကြေးစီမံ ခန့်ခွဲသုံးစွဲခြင်း နှင့် ငွေကြေးထောက်ပံ့ ခြင်းများကို တစ်နည်းနည်းဖြင့် | • အသင်းအဖွဲ့များမှတ်ပုံ တင်ခြင်းဆိုင်ရာ နည်းဥပဒေများ ပြင်ဆင် ရေးဆွဲရာတွင် အကြံပြု တင်ပြခြင်း၊ မူဝါဒခံယူခြင်းတို့ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်း။ | ၂၀၂၅ ခုနှစ် | **တာဝန်ခံဌာန** (GAD) **ပူးပေါင်းမည့်ဌာန** (LPDP) | နည်းဥပဒေပြဋ္ဌာန်းနိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | ပူးပေါင်း ဆောင်ရွက်ခြင်း၊ ကူညီခြင်း မပြုလုပ်စေရေးအတွက် ဥပဒေနှင့်အညီ ထည့်သွင်းရေးဆွဲခြင်း။ | | | | |
| **မဟာဗျူဟာရည်မှန်းချက် ၁.၅** ကြီးကြပ်ရေးအာဏာပိုင်များ၏ သတင်းပို့အဖွဲ့အစည်းများအပေါ် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ စည်းမျဉ်းကြီးကြပ်ရေး မှုဘောင်များ တိုးတက်ခိုင်မာစေရန် | ၁.၅.၉ Trusts Act ကို FATF၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ခြင်း | • Trusts Act ကို FATF၏ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ခြင်း | ၂၀၂၅ ခုနှစ် | **တာဝန်ခံဌာန** (LPDP) **ပူးပေါင်းမည့်ဌာန** (LIDP+ AMLWG) | ၁၉-၉-၂၀၂၄ ရက်စွဲပါ နစက ဥပဒေ အမှတ် ၅၅/၂၀၂၄ ဖြင့် ပြင်ဆင် ပြဋ္ဌာန်း ပြီးဖြစ်သည်။ |
| **မဟာဗျူဟာရည်မှန်းချက် ၂.၂** ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့၏ သတင်းပို့ချက်များ လက်ခံမှုစနစ် ပိုမို တိုးတက်စေရန်။ | ၂.၂.၃ သက်ဆိုင်ရာသတင်းပို့ အဖွဲ့ အစည်းများအလိုက် "သတင်းပေး ပို့မှုဆိုင်ရာ လမ်းညွှန်ချက်စာစောင်" ထုတ်ပြန်ခြင်း။ | • သတင်းပို့ပုံစံနှင့် သတင်းပို့ ပုံစံ ဖြည့်စွက်ခြင်းဆိုင်ရာ လမ်းညွှန် ချက် ဆက်လက်ဖြန့်ဝေခြင်း | စဉ်ဆက်မပြတ် ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့်ဌာန** (HCs+ DCs +Ros) | ဖြန့်ဝေပြီးစီး ကြောင်း သတင်း ပေးပို့လာသည့် အရေအတွက် |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| **ရည်မှန်းချက်** | **အစီအစဉ်** | **ဆောင်ရွက်မည့်လုပ်ငန်းများ** | **အချိန်သတ်မှတ်ချက်** | **တာဝန်ရှိသူများ** | **ရလဒ်အတိုင်းအတာများ** |
| **မဟာဗျူဟာရည်မှန်းချက် ၂.၅** သတင်းအချက်အလက် ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် စေရန်။ | ၂.၅.၂ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်နှင့် သတင်းပို့အဖွဲ့အစည်းများလိုအပ်သလို တွေ့ဆုံ၍ သတင်းပို့ချက် အရည်အသွေး ပြည့်ဝစေရေး ဆွေးနွေးညှိနှိုင်းခြင်း | • MFIU၊ LIDP၊ Ros လိုအပ်သလို တွေ့ဆုံ၍ သတင်း ပို့ချက် အရည်အသွေး ပြည့်ဝစေရေး ဆွေးနွေး ညှိနှိုင်းခြင်း | စဉ်ဆက်မပြတ်ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (MFIU) **ပူးပေါင်းမည့်ဌာန** (LIDP +Ros) | သတင်းပို့ချက် အရေအတွက်နှင့် အရည်အသွေး တိုးမြင့်လာမှု။ |
| **မဟာဗျူဟာရည်မှန်းချက် ၂.၆** FIU လုပ်ငန်းများ ပိုမိုထိရောက် အောင် မြင်စွာ ဆောင်ရွက်နိုင်စေ ရန်အတွက် ဆက်စပ်ဌာနများအား ငွေကြေးခဝါချမှု နှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာမြင့် တင်စေရန်။ | ၂.၆.၁ AML/CFT ဆိုင်ရာအသိ ပညာမြင့်တင်နိုင်ရေးအတွက် သင်တန်းများ ဖွင့်လှစ်ခြင်း | • တရားရေးအရာရှိများ အတွက် AML/CFTဆိုင်ရာသင်တန်းပေးခြင်း | မတ် ၊ ဇူလိုင်၊ နိုဝင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့်ဌာန** (HCs+ DCs) | သင်တန်းအကြိမ် အရေအတွက်နှင့် သင်တန်းသား အရေအတွက် |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | ၂.၆.၂ ကြီးကြပ်ရေးအာဏာပိုင် များမှ ဖွင့်လှစ်သည့်သင်တန်းများ တွင် AML/ CFT ဆိုင်ရာ အသိပညာ မြင့်တင်ရေး အတွက်ထည့်သွင်း ဆောင်ရွက်ခြင်း | • တရားရေးအရာရှိများနှင့် တရားရုံး ဝန်ထမ်းများအတွက် off-site စစ်တမ်းလွှာအပေါ် risk score တွက်ချက်မှုဆိုင်ရာ ဌာနတွင်း သင်တန်းပေးခြင်း | ဖေဖော်ဝါရီ၊ ဧပြီ၊ ဇွန်၊ ဩဂုတ်၊ အောက်တိုဘာ၊ ဒီဇင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့်ဌာန** JO+ Staffs (LIDP) | သင်တန်းအကြိမ် အရေ အတွက်နှင့် သင်တန်းသား အရေအတွက် |
| | | • သတင်းပို့ အဖွဲ့အစည်းများအတွက် AML/CFT ဆိုင်ရာ သင်တန်းပေးခြင်း | မတ် ၊ ဇူလိုင်၊ နိုဝင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့်ဌာန** (HCs+ DCs +Ros) | သင်တန်းအကြိမ် အရေ အတွက်နှင့် သင်တန်း သား အရေအတွက် |
| | | • သတင်းပို့အဖွဲ့အစည်းများရှိဝန်ထမ်း၏ AML/ CFT နှင့် TF/TFS လုပ်ငန်းများ ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည် မြင့်မားပြီး အဂတိ လိုက်စားမှုကင်းရှင်းစွာဖြင့် လုပ်ငန်း တာဝန်များ ဆောင်ရွက်နိုင်စေရန် သင်တန်းပေးခြင်း | မတ် ၊ ဇူလိုင်၊ နိုဝင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့်ဌာန** (HCs+ DCs +Ros) | သင်တန်းအကြိမ် အရေ အတွက်နှင့် သင်တန်း သား အရေအတွက် |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | ၂.၆.၃ သတင်းပို့အဖွဲ့အစည်းများမှ ဖွင့်လှစ်သည့်သင်တန်းများ ဆွေးနွေးပွဲများတွင် AML/CFT ဆိုင်ရာ အသိပညာ မြှင့်တင်ရေးအတွက် ထည့်သွင်း ဆောင် ရွက်ခြင်း | • သတင်းပို့အဖွဲ့အစည်း များက ပြုလုပ်သည့် AML/CFT ဆိုင်ရာ သင်တန်းများတွင် သင်တန်း ဆရာ အဖြစ်ပို့ချခြင်း၊ သင်တန်းသားများ စေလွှတ်ခြင်း | မတ်၊ ဇွန်၊ စက်တင်ဘာ၊ ဒီဇင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG+ Ros) **ပူးပေါင်းမည့်ဌာန** (HCs+DCs+Ros+ DNFBPs+MFIU+ BC) | သင်တန်းအကြိမ် အရေအတွက်နှင့် သင်တန်းသား အရေအတွက် |
| | ၂.၆.၄ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့ အစည်း များမှဖွင့်လှစ်သည့် သင်တန်း များ၊ ဆွေးနွေး ပွဲ များတွင် AML/ CFT ဆိုင်ရာအသိပညာ မြှင့်တင်ရေး အတွက် ထည့်သွင်း ဆောင်ရွက်ခြင်း | • အစိုးရဌာန/ အဖွဲ့အစည်းများ၊ ကြီးကြပ်ရေးအာဏာပိုင်များမှ ဖွင့်လှစ်သည့် AML/CFT ဆိုင်ရာ သင်တန်းများတွင် သင်တန်း ဆရာ အဖြစ် ပို့ချခြင်းနှင့် သင်တန်းသား များ စေလွှတ်ခြင်း | မတ်၊ ဇွန်၊ စက်တင်ဘာ၊ ဒီဇင်ဘာ | **တာဝန်ခံဌာန** (RegistrationDept s; +LEAs+ CAs) **ပူးပေါင်းမည့် ဌာန** (MFIU) | သင်တန်းအကြိမ် အရေ အတွက်နှင့် သင်တန်းသား အရေအတွက် |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| **ရည်မှန်းချက်** | **အစီအစဉ်** | **ဆောင်ရွက်မည့်လုပ်ငန်းများ** | **အချိန်သတ်မှတ်ချက်** | **တာဝန်ရှိသူများ** | **ရလဒ်အတိုင်းအတာများ** |
| **မဟာဗျူဟာရည်မှန်းချက် ၃.၁**<br>သတင်းပို့ အဖွဲ့အစည်းများ၏ AML/CFT ဆိုင်ရာ သံသယဖြစ်ဖွယ် လွှဲပြောင်း ဆောင်ရွက်မှု၊ သတင်းပေးပို့မှုများ ပိုမို အားကောင်း လာစေရန် | **၃.၁.၁** သတင်းပေးပို့မှုများအား သက်မှတ်ကာလ အတွင်း အချိန်မီ ပေးပို့ ဆောင်ရွက်နိုင်ရေး စီမံ ဆောင်ရွက် ခြင်း။ | • FIU သို့ သတင်းပေးပို့မှုများ အား သတ်မှတ်ကာလအတွင်း အချိန်မီ ပေးပို့နိုင်ရေးကြီး ကြပ်ခြင်း | စဉ်ဆက်မပြတ် ဆောင်ရွက်ရန် | **တာဝန်ခံဌာန**<br>(LIDP+ AMLWG)<br>**ပူးပေါင်းမည့် ဌာန**<br>(MFIU +Ros) | ကြီးကြပ်ဆောင်ရွက် နိုင်မှု |
| | • **STR** လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း | • **STR** လမ်းညွှန်ချက် များ ထုတ်ပြန် ခြင်း | ၂၀၂၄ ခုနှစ် | **တာဝန်ခံဌာန**<br>(LIDP+ AMLWG)<br>**ပူးပေါင်းမည့် ဌာန**<br>(MFIU) | ၂၉-၉-၂၀၂၃ ရက်စွဲပါ ညွှန်ကြားချက် အမှတ်၃/၂၀၂၃တွင် **STR** လမ်းညွှန်ချက် ထည့်သွင်းထုတ်ပြန်ပြီး |
| | • **STR** ဆိုင်ရာ အသိပညာ မြှင့်တင်ရေး သင်တန်းများ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်း | • သတင်းပို့အဖွဲ့အစည်းများ အတွက် **STR** ဆိုင်ရာ သင်တန်း ပေးခြင်း | မတ် ၊ ဇူလိုင်၊ နိုဝင်ဘာ | **တာဝန်ခံဌာန**<br>(LIDP+ AMLWG)<br>**ပူးပေါင်းမည့် ဌာန**<br>(MFIU +Ros+BC) | သင်တန်းအကြိမ် အရေအတွက် နှင့် သင်တန်းသား အရေအတွက် |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | ၃.၁.၂ သံသယဖြစ်ဖွယ် လွှဲပြောင်းဆောင်ရွက်မှု သတင်းပေးပို့မှု အရည်အသွေးကောင်းမွန်လာ စေရန် **off-site/ on-site supervision** ဆောင်ရွက်ခြင်း၊ | • off-site စစ်တမ်းလွှာများအား မပျက် မကွက်ဖြေဆိုစေရန် ကြီးကြပ် ခြင်း | ကြီးကြပ်ရေး အာဏာပိုင်မှ သတ်မှတ်ကာလ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (HCs+ DCs +Ros) | ကြီးကြပ်ဆောင်ရွက်နိုင်မှု |
| | | • off-site စစ်တမ်းလွှာဖြေဆိုချက်များ အပေါ် ဆုံးရှုံးနိုင်ခြေအန္တရာယ်အဆင့် သတ်မှတ်ခြင်း | ဖေဖော်ဝါရီ၊ မေ၊ ဩဂုတ်၊ အောက်တိုဘာ၊ ဒီဇင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG) | ဆုံးရှုံးနိုင်ခြေ အန္တရာယ် အဆင့် သတ်မှတ်မှု |
| | | • off-site / on-site လုပ်ငန်း စီမံချက်ရေးဆွဲ၊ အတည်ပြုခြင်း | နှစ်စဉ် | **တာဝန်ခံဌာန** (LIDP+ AMLWG) | စီမံချက်ရေးဆွဲပြီးစီးမှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | | • ဆုံးရှုံးနိုင်ခြေ အန္တရာယ်မြင့်မား သော ရှေ့နေလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခြင်း | မတ်၊ ဇူလိုင်၊ နိုဝင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (MFIU+ HCs+ DCs+ BC+ Ros) | ကွင်းဆင်းစစ်ဆေးမှု ဆောင်ရွက်ပြီးစီးမှု |
| | | • ကွင်းဆင်းစစ်ဆေးရာမှ တွေ့ရှိ သည့်လိုအပ်ချက်များသတ်မှတ် ကာလအတွင်း လိုက်နာ ဆောင် ရွက်ပြီးစီးမှု တင်ပြစေခြင်း | ကြီးကြပ်ရေး အာဏာပိုင်မှ သတ်မှတ်သည့် ကာလ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (Ros) | လိုက်နာဆောင်ရွက် မှုအားကြီးကြပ်နိုင်မှု |
| | | • on-site စစ်ဆေးခြင်း အစီရင်ခံစာ (မြန်မာ၊ အင်္ဂလိပ်) ပြုစု၍ ပေးပို့ရန် ဆောင်ရွက်ခြင်း | စစ်ဆေးပြီး နှစ်လ အတွင်း | **တာဝန်ခံဌာန** (LIDP+ AMLWG) | ဆောင်ရွက်ပြီးစီးမှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | • on-site တွေ့ရှိမှုများအရ ဆက်လက်အရေးယူဆောင်ရွက်ခြင်း | • AML/CFT ကို လိုက်နာရန် ပျက်ကွက်သည့် သတင်းပို့အဖွဲ့ အစည်းများအား အရေးယူရန် ဆောင်ရွက်ခြင်း | စဉ်ဆက်မပြတ်ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (LIDP+ AMLWG) | အရေးယူဆောင်ရွက်နိုင်မှု |
| | ၃.၁.၃ တာဝန်ခံ ဆောင်ရွက်နေသောအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ရန် အကောင်အထည်ဖော် ဆောင်ရွက်ရေးအရာရှိများ အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး အစုအဖွဲ့များဖွဲ့စည်းမည့် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း<br>• ကြီးကြပ်ရေးအာဏာပိုင်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိများအကြား ဆက်သွယ် ဆောင်ရွက်နိုင်ရန် ဆက်သွယ်မှုစနစ်ထူထောင်ခြင်း | • သတင်းပို့အဖွဲ့အစည်းများ၏ E-mail/G-mail account များ စုစည်း၍ LIDP ၏ Lawyer AML e-mail ဖြင့်ချိတ်ဆက်နိုင်မည့်ကွန်ယက်တစ်ခု ဆောင်ရွက်ခြင်း | ၂၀၂၅ ခုနှစ် | **တာဝန်ခံဌာန** (LIDP+ AMLWG)<br>**ပူးပေါင်းမည့် ဌာန** (e-Gov+Ros) | ချိတ်ဆက်ဆောင်ရွက်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| **မဟာဗျူဟာရည်မှန်းချက် ၃.၂** သတင်းပို့အဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထား စိစစ်ခြင်း၊ CDDလုပ်ငန်းများ၊ အကျိုးခံစားခွင့်ရှိသူပိုင်ရှင် (BO)ဆိုင်ရာ သတင်းအချက်အလက်ရယူခြင်းများ ပိုမိုတိုးတက် ကောင်းမွန်လာစေရန် | ၃.၂.၁ ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်ခြင်း(CDD) ဆိုင်ရာ ညွှန်ကြားချက်များ ပြင်ဆင်ထုတ်ပြန်ခြင်း | • ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း(CDD)ဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်း | ၂၀၂၄ ခုနှစ် | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (Ros) | ၂၉-၉-၂၀၂၃ ရက်နေ့ ညွှန်ကြားချက် ၃/၂၀၂၃ထုတ်ပြန်ပြီး။ |
| | ၃.၂.၂ (CDD)လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်စေရေး AML/ CFT ဆိုင်ရာ အသိပညာများ ပေးမည့် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း | • သတင်းပို့အဖွဲ့အစည်းများ အတွက် AML/CFTဆိုင်ရာ အသိပညာများ ပေးခြင်း | မတ် ၊ ဇူလိုင်၊ နိုဝင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (MFIU+ Ros) | အသိပညာပေးနိုင်မှု |
| | ၃.၂.၃ (CDD) လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများ အပေါ်အချိုး ညီ ထိရောက် ဟန့်တားသည့် အရေးယူမှုများ ဆောင်ရွက်ခြင်း | • (CDD) ဆိုင်ရာ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများအပေါ် အရေးယူ ဆောင်ရွက်ခြင်း | စဉ်ဆက်မပြတ် ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (Ros) | အရေးယူ ဆောင်ရွက်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | ၃.၂.၄အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ အချက်အလက်များ ဖော်ထုတ်ရယူခြင်းဆိုင်ရာ လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း။ | • အကျိုးခံစားခွင့်ရှိသူပိုင်ရှင် (BO) ဆိုင်ရာအချက်အလက်များဖော်ထုတ်ရယူခြင်းဆိုင်ရာ လမ်း ညွှန်ချက်များ ထုတ်ပြန်ခြင်း။ | ၂၀၂၄ ခုနှစ် | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (Ros) | ၂၉-၉-၂၀၂၃ ရက်စွဲပါ ညွှန်ကြားချက် ၃/၂၀၂၃တွင်ထည့်သွင်းထုတ်ပြန်ပြီး |
| | • အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ ဖော်ထုတ်ခြင်းနှင့် စပ်လျဥ်းသည့် အသိပညာပေးခြင်း | • အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာဖော်ထုတ်ခြင်းနှင့်စပ်လျဥ်းသည့် အသိပညာပေးခြင်း | မတ် ၊ ဇူလိုင်၊ နိုဝင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (Ros) | အသိပညာပေးနိုင်မှု |
| | • ထပ်မံရယူရန်လိုအပ်သည့် သတင်းအချက်အလက်များ အတွက် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ နှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေး အစီအမံများ ချမှတ်ခြင်း | • ထပ်မံရယူရန်လိုအပ်သည့် သတင်းအချက်အလက်များ အတွက် သက်ဆိုင်ရာဌာန/ အဖွဲ့အစည်းများ နှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရေး အစီအမံများချမှတ် ခြင်း | စဥ်ဆက်မပြတ် ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (MFIU+ Ros) | ပူးပေါင်း ဆောင်ရွက်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| **ရည်မှန်းချက်** | **အစီအစဉ်** | **ဆောင်ရွက်မည့်လုပ်ငန်းများ** | **အချိန်သတ်မှတ်ချက်** | **တာဝန်ရှိသူများ** | **ရလဒ်အတိုင်းအတာများ** |
| | ၃.၂.၅ အကျိုးခံစားခွင့်ရှိသူပိုင်ရှင်ဆိုင်ရာ အချက်အလက်များကို ပိုမိုရယူနိုင်ရန်အတွက် ဖော်ထုတ်ခြင်း (Identification)အတည်ပြု စိစစ်ခြင်း (Verification)နှင့်မှတ်တမ်းထိန်းသိမ်းခြင်း(Record Keeping) များတိုးမြှင့်ဆောင်ရွက်မည့် အစီအစမံများချမှတ်ဆောင်ရွက်ခြင်း | • အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ဆိုင်ရာ အချက်အလက်များကို ပိုမိုရယူနိုင်ရန် အတွက် တိုးမြှင့်ဆောင်ရွက်မည့် အစီအစမံများ ချမှတ်ဆောင်ရွက်ခြင်း | စဉ်ဆက်မပြတ်ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (MFIU+ Ros) | BO ဆိုင်ရာ သတင်းအချက်အလက်များ ရယူနိုင်မှု |
| **မဟာဗျူဟာရည်မှန်းချက် ၃.၃** သတင်းပို့ အဖွဲ့အစည်းများ၏ လွှဲပြောင်းဆောင်ရွက်မှုများစောင့်ကြည့်စစ်ဆေးမှုနှင့် မှတ်တမ်းထိန်းသိမ်းမှုစနစ်များ ပိုမိုတိုးတက်လာစေရန်၊ | ၃.၃.၁ ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်းဆောင်ရွက်မှုနှင့် စာရင်းများကို AML/CFTဆိုင်ရာစောင့်ကြည့် စစ်ဆေးမည့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း | • ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်းဆောင်ရွက်မှုနှင့် စာရင်းများ ကို AML/CFT ဆိုင်ရာ စောင့်ကြည့် စစ်ဆေးမည့် လုပ်ထုံး လုပ်နည်းများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ခြင်း | စဉ်ဆက်မပြတ်ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (Ros) **ပူးပေါင်းမည့် ဌာန** ((LIDP+ AMLWG+ MFIU) | ဆောင်ရွက်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | ၃.၃.၂ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (CDD)၊ တိုးမြှင့်အလေးထားစိစစ်ခြင်း(EDD) နှင့်သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှု အန္တရာယ်ပြ ညွှန်းကိန်းဆိုင်ရာ နည်းပုံစံ (STR Red Flag Indicator Typologies) သင်တန်း ပေးမည့် အစီအစမံများ ချမှတ် ဆောင်ရွက်ခြင်း၊ | • (CDD)၊ (EDD) နှင့် (STR Red Flag Indicator Typologies) များဆိုင်ရာ သင်တန်းပေးခြင်း | မတ် ၊ ဇူလိုင်၊ နိုဝင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့် ဌာန** (MFIU+ BC+ Ros) | သင်တန်းပေးနိုင်မှု |
| | • TF/TFS နှင့် PF/TFS ဆိုင်ရာ ငွေကြေးဆိုင်ရာ အရေးယူ ပိတ်ဆို့ခြင်း နှင့်သက်ဆိုင်သည့် အသိပညာမြှင့်တင်ရေး ဆောင်ရွက်ခြင်း | • TF/TFS နှင့် PF/TFS ဆိုင်ရာ အသိပညာမြှင့်တင်ခြင်း | မတ် ၊ ဇူလိုင်၊ နိုဝင်ဘာ | **တာဝန်ခံဌာန** (LIDP+ AMLWG) **ပူးပေါင်းမည့်ဌာန** (MFIU+ BC+ Ros) | အသိပညာပေးနိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| **ရည်မှန်းချက်** | **အစီအစဉ်** | **ဆောင်ရွက်မည့်လုပ်ငန်းများ** | **အချိန်သတ်မှတ်ချက်** | **တာဝန်ရှိသူများ** | **ရလဒ်အတိုင်းအတာများ** |
| | ၃.၃.၃ ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်း ဆောင်ရွက်မှုများကို စောင့်ကြည့် စစ်ဆေးခြင်းဆိုင်ရာ ခေတ်မီ နည်းပညာများ အသုံးပြုနိုင်ရေး စီမံဆောင်ရွက်ခြင်း | • ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်းဆောင်ရွက်မှုများကို စောင့်ကြည့် စစ်ဆေးခြင်းဆိုင်ရာ ခေတ်မီ နည်းပညာများ အသုံးပြုနိုင်ရေး စီမံ ဆောင်ရွက်ခြင်း | ၂၀၂၆ ခုနှစ် | **တာဝန်ခံဌာန** (Ros) **ပူးပေါင်း မည့် ဌာန** (LIDP+ AMLWG+ MFIU+BC) | နည်းပညာ အသုံးပြုနိုင်မှု |
| | ၃.၃.၄ မှတ်တမ်းထိန်းသိမ်းမှုစနစ် ပိုမိုတိုးတက်စေရန် သတင်းအချက်အလက် ထိန်သိမ်းမှုစနစ် (Data Based System)ထူထောင်ထားရှိမည့် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း | • မှတ်တမ်း ထိန်းသိမ်းမှု စနစ် ပိုမိုတိုးတက်စေရန် သတင်း အချက်အလက် ထိန်သိမ်းမှုစနစ် (Data-Based System)ထူထောင်ထားရှိမည့် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း | ၂၀၂၆ ခုနှစ် | **တာဝန်ခံဌာန** (Ros) **ပူးပေါင်းမည့် ဌာန** (LIDP+ AMLWG+ MFIU+ BC) | နည်းပညာ အသုံးပြုနိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| **ရည်မှန်းချက်** | **အစီအစဉ်** | **ဆောင်ရွက်မည့်လုပ်ငန်းများ** | **အချိန်သတ်မှတ်ချက်** | **တာဝန်ရှိသူများ** | **ရလဒ်အတိုင်းအတာများ** |
| **မဟာဗျူဟာရည်မှန်းချက် ၃.၄** ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ချက်များအား ဆိုးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရလဒ်များနှင့်ကိုက်ညီမှုရှိစေရန်။ | ၃.၄.၁ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့်လူအများအပြားသေကျေစေသောလက်နက်များပြန့်ပွားရေးကိုငွေကြေး ထောက်ပံ့မှုဆိုင်ရာ ဆိုးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | • ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသော လက်နက်များပြန့်ပွားရေးကိုငွေကြေး ထောက်ပံ့မှုဆိုင်ရာ ဆိုးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းများ ကောင်အထည်ဖော်ဆောင်ရွက်ခြင်း | စဉ်ဆက်မပြတ် ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (Ros) **ပူးပေါင်းမည့် ဌာန** (LIDP+ AMLWG+ MFIU+BC) | ဆိုးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်နိုင်မှု |
| | • နည်းပညာ၊ ထုတ်ကုန်၊ ဝန်ဆောင်မှု အသစ်များ မစတင်မီ သို့မဟုတ် အသုံးမပြုမီ ဆိုးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်မှု ပြုလုပ်ခြင်း | • နည်းပညာ၊ ထုတ်ကုန်၊ ဝန်ဆောင်မှု အသစ်များ မစတင်မီ သို့မဟုတ် အသုံးမပြုမီ ဆိုးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်မှုပြုလုပ်ခြင်း | စဉ်ဆက်မပြတ် ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (Ros) **ပူးပေါင်းမည့် ဌာန** (LIDP+ AMLWG+ MFIU+BC) | ဆိုးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်နိုင်မှု |
| | ၃.၄.၂ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေး | • ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသော လက်နက်များပြန့်ပွားရေးကို ငွေကြေး | စဉ်ဆက်မပြတ် ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (Ros) **ပူးပေါင်းမည့် ဌာန** (LIDP+ AMLWG+ MFIU+BC) | ဆိုးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| **ရည်မှန်းချက်** | **အစီအစဉ်** | **ဆောင်ရွက်မည့်လုပ်ငန်းများ** | **အချိန်သတ်မှတ်ချက်** | **တာဝန်ရှိသူများ** | **ရလဒ်အတိုင်းအတာများ** |
| | ထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်ချက်များအရ ဆုံးရှုံးနိုင်ခြေ အခြေပြု ချဉ်းကပ် ဆောင်ရွက်မည့် အစီအမံများချမှတ် ဆောင်ရွက်ခြင်း | ထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်ချက်များအရ ဆုံးရှုံးနိုင်ခြေ အခြေပြု ချဉ်းကပ် ဆောင်ရွက်မည့် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း | | | |
| **မဟာဗျူဟာရည်မှန်းချက် ၃.၅** အန္တရာယ်အခြေပြု ချဉ်းကပ်ခြင်းဖြင့် သတင်းပို့အဖွဲ့အစည်းများအပေါ် ကြီးကြပ်ရေးလုပ်ငန်းများ ပိုမိုတိုးတက် ခိုင်မာစေရန်။ | **၃.၅.၁** ထိရောက်သည့် On-site Inspection & off-site monitoring စစ်ဆေး ကြပ်မတ်နိုင်မည့် ဆုံးရှုံးနိုင်ခြေအခြေပြု ကြီးကြပ် စစ်ဆေးခြင်းလုပ်ထုံးလုပ်နည်းနှင့် လက်စွဲများ၊ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့် ယင်းစစ်ဆေးမှု နှစ်မျိုးအကြား ပေါင်းစပ်ညှိနှိုင်းမှုနှင့် သတင်းဖလှယ်မှု စနစ်ထားရှိခြင်း | • ထိရောက်သည့် On-site Inspection & off-site monitoring စစ်ဆေးကြပ်မတ်နိုင်မည့် ဆုံးရှုံးနိုင် ခြေအခြေပြု ကြီးကြပ်စစ်ဆေးခြင်း လုပ်ထုံးလုပ်နည်း နှင့် လက်စွဲများ၊ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်းနှင့်ယင်းစစ်ဆေးမှု နှစ်မျိုးအကြား ပေါင်းစပ် ညှိနှိုင်းမှုနှင့် သတင်းဖလှယ်မှု စနစ်ထားရှိခြင်း | စဉ်ဆက်မပြတ် ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (LIDP+AMLWG+ MFIU) **ပူးပေါင်းမည့် ဌာန** (HCs+ DCs+ Ros) | ဆုံးရှုံးနိုင်ခြေ အန္တရာယ် အကဲဖြတ်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | ၃.၅.၂ ကွင်းဆင်းစစ်ဆေးကြပ်မတ်မည့် အဖွဲ့များ၏ အရင်းအမြစ်များ နှင့် စွမ်းရည်မြှင့်တင်မည့် အစီအစမံများ ချမှတ်ဆောင်ရွက်ခြင်း | • ကွင်းဆင်းစစ်ဆေး ကြပ်မတ်မည့် အဖွဲ့များ၏အရင်းအမြစ်များနှင့်စွမ်းရည်မြှင့်တင်မည့် အစီအစမံများ ချမှတ်ဆောင်ရွက်ခြင်း | စဉ်ဆက်မပြတ်ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (LIDP+ AMLWG+ MFIU) **ပူးပေါင်းမည့် ဌာန** (HCs+ DCs + Ros) | စွမ်းရည်မြှင့်တင်နိုင်မှု |
| | ၃.၅.၃ သက်ဆိုင်ရာကဏ္ဍ အလိုက် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှုနှင့် လူအများ အပြားသေကျေစေသော လက်နက်များပြန့်ပွားရေးကိုငွေကြေး ထောက်ပံ့မှုဆိုင်ရာ အန္တရာယ် အကဲဖြတ်ချက် ရလဒ်များနှင့်အညီ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုမူဝါဒနှင့် အန္တရာယ် အကဲဖြတ်ရေး လုပ်ငန်းအပေါ် နည်းပညာနှင့် အသိပညာများထောက်ပံ့မည့်အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း | • ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် လူအများအပြား သေကျေစေသော လက်နက်များ ပြန့်ပွားရေးကို ငွေကြေး ထောက်ပံ့မှုဆိုင်ရာ အန္တရာယ်အကဲဖြတ်ချက်ရလဒ်များနှင့်အညီ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမူဝါဒနှင့် အန္တရာယ်အကဲဖြတ်ရေးလုပ်ငန်းအပေါ် နည်းပညာနှင့် အသိပညာများ ထောက်ပံ့မည့်အစီအမံများချမှတ် ဆောင်ရွက်ခြင်း | စဉ်ဆက်မပြတ်ဆောင်ရွက်ရန် | **တာဝန်ခံဌာန** (LIDP+ AMLWG+ MFIU) **ပူးပေါင်းမည့် ဌာန** (HCs+ DCs+ BC+ Ros) | စွမ်းရည်မြှင့်တင်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | ၃.၅.၄ AML/CFT ဆိုင်ရာမူဝါဒနှင့်အညီ သတင်းပို့အဖွဲ့အစည်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများအား စစ်ဆေး ကြပ်မတ်ခြင်းနှင့် ပျက်ကွက်မှုများအပေါ် အရေးယူ ဆောင်ရွက်ခြင်း | • AML/CFT ဆိုင်ရာ မူဝါဒနှင့်အညီ သတင်းပို့အဖွဲ့အစည်းများ၏အကောင်အထည်ဖော် ဆောင်ရွက်မှုများအား စစ်ဆေးကြပ်မတ်ခြင်း နှင့် ပျက်ကွက်မှုများအပေါ်အရေးယူဆောင်ရွက်ခြင်း | စဉ်ဆက်မပြတ်ဆောင်ရွက်ရန် | **တာဝန်ခံဌာန**<br>(LIDP+ AMLWG)<br>**ပူးပေါင်းမည့် ဌာန**<br>(MFIU + BC+ Ros) | မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်မှု |
| | ၃.၅.၅ ငွေရေးကြေးရေး မဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှု ဆိုင်ရာ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ ကြီးကြပ်ရေး အာဏာပိုင်များ၏ သက်ဆိုင်ရာ နယ်ပယ်အလိုက် AML/CFT ကြပ်မတ်ကွပ်ကဲမှုနှင့် ကြီးကြပ် စစ်ဆေး မှုများအား ဆုံးရှုံးနိုင်ခြေ အန္တရာယ် အခြေပြု ချဉ်းကပ်စစ်ဆေးသည့် လက်စွဲများ၊ နည်းလမ်းများ အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း | • ရှေ့နေ၊ နိုတြီပဗ္ဗလစ်နှင့် ဥပဒေဖြင့်အသက်မွေးဝမ်းကျောင်း ပြုသူများကို AML/ CFT ကြပ်မတ်ကွပ်ကဲမှုနှင့် ကြီးကြပ်စစ်ဆေးမှု များအား ဆုံးရှုံးနိုင်ခြေ အန္တရာယ် အခြေပြုချဉ်းကပ် စစ်ဆေးသည့် လက်စွဲများ၊ နည်းလမ်းများ အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း | ၂၀၂၅ ခုနှစ် | **တာဝန်ခံဌာန**<br>(LIDP+ AMLWG)<br>**ပူးပေါင်းမည့် ဌာန**<br>(MFIU + Ros) | ကြီးကြပ်ဆောင်ရွက်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| **မဟာဗျူဟာရည်မှန်းချက်၄.၂** ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုများအား တရားစွဲတင်ရန်နှင့် အချိုးညီ ထိရောက် ဟန့်တားသော ပြစ်ဒဏ်များချမှတ်ရန် | ၄.၂.၄ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပွားမှု၊ တရားစွဲတင်မှု၊ ပြစ်ဒဏ်ချမှတ်မှု၊ ဘဏ္ဍာ သိမ်းဆည်းမှုဆိုင်ရာ သတင်း အချက်အလက် ထိန်းသိမ်းမှုစနစ် (Data-Based System) ထူထောင်ထားရှိမည့် အစီအမံများ ချမှတ် ဆောင်ရွက်ခြင်း၊ | • ပြည်ထောင်စုတရားလွှတ်တော်ချုပ် website တွင် (Data-Based System) တည်ဆောက်၍ သက်ဆိုင်ရာ တရားရုံးများက Data ဖြည့်သွင်း၍ လွှင့်တင်ဖော်ပြခြင်း။<br>(သို့မဟုတ်)<br>တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော် website များတွင် (Data - Based System) တည်ဆောက်၍ သက်ဆိုင်ရာ တရားရုံးများက Data ဖြည့်သွင်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် website တွင် link ချိတ်၍ လွှင့်တင်ဖော်ပြခြင်း။ | | **တာဝန်ခံဌာန**<br>e-Gov<br>**ပူးပေါင်းမည့် ဌာန**<br>CrJDP+ All Courts | အချိန်မီပြီးစီးမှု |
| | | • Data အချက်အလက်များကို တရားရုံးနှစ်စဉ် အစီရင်ခံစာများတွင် ထည့်သွင်းဖော်ပြခြင်း။ | နှစ်အလိုက် | **တာဝန်ခံဌာန**<br>CrJDP | အချိန်မီပြီးစီးမှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| **မဟာဗျူဟာရည်မှန်းချက် ၄.၅** ငွေကြေးခဝါချမှု ၊ ငွေကြေးခဝါချမှု ဆိုင်ရာ မူလပြစ်မှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် အခြား ပြစ်မှုများ ကျူးလွန်ရာမှ ရရှိသည့် အကျိုးအမြတ်များကို နိုင်ငံဘဏ္ဍာ သိမ်းဆည်းခြင်းနှင့် စပ်လျဉ်း၍ စွမ်းရည်များမြှင့်တင်ရန် | **၄.၅.၁** တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများနှင့် တရားစီရင်ရေး အဖွဲ့အစည်းများအား AML/CFT ဆိုင်ရာ အသိပညာ မြှင့်တင်မှု သင်တန်းများ ဖွင့်လှစ်ပို့ချနိုင်ရေး စီမံဆောင်ရွက်ခြင်း | • တရားရေးအရာရှိလုပ်ငန်းဝင် သင်တန်းများ၊ မြို့နယ်/ ခရိုင် တရားသူကြီးမွမ်းမံ သင်တန်းများတွင် တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေး ဥပဒေ၊ ငွေကြေးခဝါချ မှုတိုက်ဖျက်ရေး ဥပဒေ ဘာသာရပ်များ ထည့်သွင်း ပို့ချခြင်း။ | | **တာဝန်ခံဌာန** CrJDP **ပူးပေါင်းမည့် ဌာန** TDP | အကြိမ် အရေ အတွက် |
| | | • ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး အစီအစဉ်ဖြင့် အခါ အားလျော်စွာ ငွေကြေးခဝါချမှု နှင့် အကြမ်းဖက်မှုကို ငွေကြေး ထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ခြင်း။ | | **တာဝန်ခံဌာန** OUJS | အကြိမ် အရေ အတွက် |
| | | • တိုင်းဒေသကြီး/ ပြည်နယ် တရားရေးဦးစီးမှုးများ၏ အစီအစဉ်ဖြင့် ဆင့်ပွား အသိပညာပေး အစီအစဉ်များ ဆောင်ရွက်ခြင်း။ | | **တာဝန်ခံဌာန** HCs | အကြိမ် အရေ အတွက် |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | | • တရားရေးအရာရှိများအား ပြည်တွင်း/ ပြည်ပ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာ မြှင့်တင်မှု သင်တန်းများ၊ နှီးနှော ဖလှယ်ပွဲများ တက်ရောက်စေခြင်းနှင့် သင်တန်း တက်ရောက်မှု အစီရင်ခံစာများအား တရားရေး အရာရှိ အားလုံးသို့ မျှဝေပေးခြင်း။ | | **တာဝန်ခံဌာန**<br>OUJS<br>**ပူးပေါင်းမည့် ဌာန**<br>OUSC+TDP | အကြိမ် အရေအတွက် |
| | ၄.၅.၁၂ ဝန်ကြီးဌာနများအလိုက် ဖွဲ့စည်းထားသည့် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေး အဖွဲ့ (Corruption Prevention Unit – CPU) များမှ သက်ဆိုင်ရာ တရား ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာကြိုတင်ကာကွယ်ရေးလုပ်ငန်း များ ဆောင်ရွက်ခြင်း | • တရားရုံးအသုံးပြုသူများအား မည်သူ့ကိုမျှ လာဘ်လာဘ ပေးရန် မလိုကြောင်း၊ လာဘ်လာဘ ပေးခြင်း ရယူခြင်းမျိုး ရှိပါက တိုင်ကြားနိုင် ကြောင်း သိရှိနိုင်စေရန် အသိပညာပေး ဆိုင်းဘုတ်များကို တရားရုံးအားလုံးတွင် ချိတ်ဆွဲစေခြင်း | စဉ်ဆက်မပြတ် ဆောင်ရွက်ရန် | **တာဝန်ခံဌာန**<br>CPU<br>**ပူးပေါင်းမည့် ဌာန**<br>All Courts | CPU လုပ်ငန်းများ ဆောင်ရွက်နိုင်မှု |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | | • တရားရုံးအသုံးပြုသူများ အနေဖြင့် တရားရုံးမှ သတင်းအချက်အလက်များကို မှန်ကန်စွာနှင့် အချိန်နှင့်တစ်ပြေးညီ ရရှိစေ ရန် သတင်းအချက်အလက် စုံစမ်းရေးကောင်တာများ ထားရှိပေးခြင်း | | **တာဝန်ခံဌာန**<br>CPU<br>**ပူးပေါင်းမည့် ဌာန**<br>All Courts | |
| | | • ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် အဂတိလိုက်စားမှုနှင့် သက်ဆိုင်သော ညွှန်ကြားချက်များကို ဝန်ထမ်းအားလုံး သိရှိလိုက်နာနိုင်ရေး လစဉ် ဆန္ဒထုတ်ဖော်ပွဲများတွင် ပညာပေး ဆောင်ရွက်စေခြင်း | | **တာဝန်ခံဌာန**<br>CPU<br>**ပူးပေါင်းမည့် ဌာန**<br>All Courts | |

| AML/CFT ဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ | | ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ နှစ်စဉ်လုပ်ငန်းအစီအစဉ် | | | |
|---|---|---|---|---|---|
| ရည်မှန်းချက် | အစီအစဉ် | ဆောင်ရွက်မည့်လုပ်ငန်းများ | အချိန်သတ်မှတ်ချက် | တာဝန်ရှိသူများ | ရလဒ်အတိုင်းအတာများ |
| | | • လာဘ်ပေးလာဘ်ယူမှု တားဆီး ကာကွယ်ရန်အတွက် အမှုလက်ခံကောင်တာများ သီးသန့်ဖွင့်လှစ်၍ အမှုလက်ခံစေခြင်း<br><br>• အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု နှင့်စပ်လျဉ်း၍ အများပြည်သူထံမှ တုန့်ပြန်မှု ရယူခြင်း အစီအစဉ် ဆောင်ရွက်ခြင်း<br><br>• အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း | | **တာဝန်ခံဌာန**<br>CPU<br>**ပူးပေါင်းမည့် ဌာန**<br>All Courts<br><br>**တာဝန်ခံဌာန**<br>CPU<br>**ပူးပေါင်းမည့် ဌာန**<br>LIDP<br><br>**တာဝန်ခံဌာန**<br>CPU<br>**ပူးပေါင်းမည့် ဌာန**<br>All Courts | |

# အတိုကောက်ဝေါဟာရများ

| | |
|---|---|
| ACC | Anti-Corruption Commission<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် |
| AML/CFT | Anti-Money Laundering / Countering the Financing of Terrorism<br>ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး |
| AMLCB | Anti-Money Laundering Central Board<br>ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ |
| AMLWG | Anti-Money Laundering Working Group<br>ငွေကြေးခဝါချမှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ |
| BC | Bar Council<br>တရားလွှတ်တော်ရှေ့နေများကောင်စီ |
| BO | Beneficial Owner<br>အကျိုးခံစားပိုင်ခွင့်ရှိသူများ |
| CAs | Competent Authorities<br>ကြီးကြပ်ရေးအာဏာပိုင်များ |
| CCCT | Central Committee for Counter Terrorism<br>အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ |
| CCDAC | Central Committee for Drug Abuse Control<br>မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တိုက်ဖျက်ရေးဗဟိုအဖွဲ့ |
| CDD | Customer Due Diligence<br>ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း |
| CPU | Corruption Prevention Unit<br>အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ |
| CrJDP | Criminal Justice Department<br>ပြစ်မှုတရားစီရင်ရေးဌာန |

| | |
|---|---|
| DCs | District Courts<br>ခရိုင်တရားရုံးများ |
| DED | Drug Enforcement Division<br>မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ |
| DNFBPs | Designated Non-Financial Business or Profession<br>ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ |
| DTC | Division against Transnational Crimes<br>နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး |
| EDD | Enhanced Due Diligence<br>အလေးထားစိစစ်မှုကို တိုးမြှင့်ဆောင်ရွက်ခြင်း |
| e-Government | e-Government Department<br>e-Government ဌာန |
| FATF | Financial Action Task Force<br>ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ |
| GAD | General Administration Department<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| HCs | High Courts<br>တရားလွှတ်တော်များ |
| JO | Judicial Officers<br>တရားရေးအရာရှိများ |
| LEAs | Law Enforcement Agencies<br>တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ |
| LIDP | Lawyer Affairs and Inspectorate Department<br>ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာန |
| LPDP | Law and Procedure Department<br>ဥပဒေလုပ်ထုံးလုပ်နည်းဌာန |

| | |
|---|---|
| MER | အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ချက် အစီရင်ခံစာ<br>Mutual Evaluation Report |
| MFIU | Myanmar Financial Intelligence Unit<br>ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ |
| MOHA | Ministry of Home Affairs<br>ပြည်ထဲရေး ဝန်ကြီးဌာန |
| NRA | National Risk Assessment<br>အမျိုးသားအဆင့်ဆုံးရှုံးနိုင်ခြေအန္တရာယ်အကဲဖြတ်ခြင်း |
| OUJS | Office of the Union Judiciary Supervision<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး |
| OUSC | Office of the Union Supreme Court<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး |
| Registration Depts; | Registration Department<br>မှတ်ပုံတင်ပေးသည့်ဌာနများ |
| ROs | Reporting Organizations<br>သတင်းပို့အဖွဲ့အစည်းများ |
| STR | Suspicious Transaction Report<br>သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ချက် |
| TDP | Training Department<br>လေ့ကျင့်ဌာန |
| TF/TFS and PF/TFS | Targeted Financial Sanctions Related to Terrorism and Terrorist Financing, and Targeted Financial Sanctions Related to Proliferation Financing<br>အကြမ်းဖက်မှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဘဏ္ဍာရေးအရ ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုနှင့် လူအများအပြား သေကျေစေသော လက်နက်ပြန့်ပွားစေရန် ငွေကြေးထောက်ပံ့မှုဆိုင်ရာ ငွေကြေးဆိုင်ရာ အရေးယူပိတ်ဆို့မှု |
| UNCAC | United Nations Convention Against Corruption<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကုလသမဂ္ဂ ကွန်ဗင်းရှင်း |